# ကြို့ဝန်းကျေးရွာ
# စလင်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကြို့ဝန်းကျေးရွာ၊ စလင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ် ၊ မေလ



CamScanner

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း**

**အပိုင်း(၁)- ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မ ရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဇယား

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဆိုင်ရာ အခြေပြဇယား

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

မကွေးတိုင်းဒေသကြီး ၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ ကြို့ဝန်းကျေးရွာအုပ်စု၊ ကြို့ဝန်းကျေးရွာသည် မြန်မာပြည်အလယ်ပိုင်းတွင် တည်ရှိပြီး အရှေ့ဘက်တွင် စလင်း - မကွေးလမ်းမကြီး၊ အနောက်ဘက်တွင် တည်ဘိုကန်ကျေးရွာ၊ တောင်ဘက်တွင် ဇယ်တွင်းကျေးရွာ၊ ရွာသာကုန်းကျေးရွာ၊ မြောက်ဘက်တွင် (၂၅၅)ခြေလျင်တပ်ရင်းတို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသော ဒေသတစ်ခုဖြစ်ပါသည်။ ကြို့ဝန်းကျေးရွာ သည် ပထဝီအနေအထားရ မြေပြန့်အနေအထားတွင် တည်ရှိပြီး စလင်း-မကွေးလမ်းမကြီးမှ မြေနီကျောက်စရစ်လမ်းဖြင့် ဆက်သွယ်ထားသော်လည်း ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်သာ ကောင်းပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်

ကြို့ဝန်းကျေးရွာ၏ ရာသီဥတုမှာ ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြစ်ပါသည်။ ကြို့ဝန်းကျေးရွာသည် စပါး၊ ပဲ နှင့် ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးသော ဒေသဖြစ်ပါသည်။ စိုက်ပျိုးရေးအတွက်လည်း နိုင်ငံတော်မှ ငွေကျပ်(၂၉၀၀)သန်းခန့်နှင့် ၂၀၀၁ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အပြီးဆောက်လုပ်ခဲ့သော "စလင်းရေလှောင်တမံကြီး" ရှိ၍ စိုက်ပျိုးရေးထွန်းကားသော ဒေသဖြစ်ပါသည်။

ကြို့ဝန်းကျေးရွာတွင် ဆည်ရေသောက် လယ်ဧက(၁၀၃၄)ဧက၊ ယာမြေဧက (၄၆၄.၉)ဧကနှင့် ဥယျာဉ်ခြံမြေဧက(၂)ဧကရှိပါသည်။ လယ်မြေ/ယာမြေများစွာ ရှိနေသည့်အတွက် ခိုင်းနွားများ၊ မွေးနွားများ၊ ဆိတ်များ၊ ဝက်များမွေးမြူရေးအတွက် စားကျက်အလုံအလောက်ရှိသဖြင့် စီးပွားဖြစ်မွေးမြူရေးတိုးချဲ့ရန် အလားအလာကောင်းများလည်း ရှိပါသည်။

ကြို့ဝန်းကျေးရွာအနီး ပတ်ဝန်းကျင်တွင် မြေနီကျောက်စရစ်ကုန်းများရှိခြင်းကြောင့် မြေနီကျောက်စရစ်များ ထုတ်ယူနိုင်သည့်ဒေသ ဖြစ်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သောကြောင့် သဘာဝပေါက်ပင်များမှာ ထောက်ကြံ၊ အင်ကြင်း၊ ထန်း၊ မန်ကျည်း၊ ဇီး၊ တမာ၊ ရှား၊ ထနောင်း၊ ကုက္ကိုစသည့် အပင်များပေါက်ရောက်သည်။ သစ်ပင်များကို ထိန်းသိမ်းမှုအားနည်းခြင်း၊ ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တောများလည်း လျော့နည်းလာပါသည်။ ထင်းအတွက် ခုတ်ယူမှုများကြောင့် သဘာဝဆေးဖက်ဝင်အပင်များ လျော့နည်းလာပါသည်။ သစ်တောများလျော့နည်းလာသောကြောင့် ရွာပတ်လည်တွင် ငှက်မျိုးစုံနှင့် ယုန်၊ သမင်၊ ဂျီ စသည့်တိရစ္ဆာန်များ ရှားပါးလာပါသည်။ လက်လှမ်းမီနိုင်မှု တစ်ဖြည်းဖြည်း ခက်ခဲလာပါသည်။



CS CamScanner

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကြို့ဝန်းကျေးရွာအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာ အဖွဲ့ ၆ ဖွဲ့ကို ဖွဲ့စည်းထားကြပါသည်။ ကျေးရွာရှိ ဖွဲ့စည်းထားသော အဖွဲ့အစည်းများမှာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုရေးကဏ္ဍတွင် လူငယ်ကာလသားအဖွဲ့၊ ကျန်းမာရေးမြွေဆိပ်ဖြေဆေးအဖွဲ့၊ မျိုးဆက်သစ်တို့ ကျန်းမာရေးလူငယ်သွေးလက်ဆောင်အဖွဲ့တို့ ရှိကြပြီး ဘာသာရေးကဏ္ဍတွင် ဝတ်အသင်းအမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ ရှိကြပါသည်။ ၄င်းအဖွဲ့များသည် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း စသည်တို့ အားနည်းလျက်ရှိပါသည်။ ကျေးရွာတွင် အဖွဲ့အစည်းများ ရည်ရှည်ရှင်သန်၍ အောင်မြင်ဖြစ်ထွန်းမှု ရှိလာအောင် သင်တန်းများ ဟောပြောပွဲများ ကျင်းပခြင်းဖြင့် စွမ်းဆောင်ရည် မြင့်မားလာမည် ဖြစ်ပါသည်။

မိမိတို့ကျေးရွာသည် နိုင်ငံတော်အစိုးရလက်အောက်ရှိ ကျေးရွာနှင့် တိုက်ရိုက်သက်ဆိုင်သော ဦးစီးဌာနများ (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စိုက်ဘဏ်၊ သမ၊ ပညာရေး၊ ကျန်းမာရေး၊ လဝက) စသည်ဌာနတို့နှင့် ချိတ်ဆက်မှုရှိခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကူအညီများကို ရရှိခဲ့ပါသည်။ ပြင်ပအဖွဲ့အစည်းများအနေဖြင့် ပက်မြန်မာအဖွဲ့၊ မာရီစတုတ်အဖွဲ့၊ ရှေ့သို့ အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်မှုများရှိပါသည်။

ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး **ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**ကို ကျေးရွာသူ/သားများကိုယ်တိုင် ပူးပေါင်းပါဝင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် လုပ်ငန်းကဏ္ဍအလိုက် ရည်ရွယ်၍ ဖွဲ့စည်းထားသောအဖွဲ့ငယ်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းခွင်ကြီးကြပ်ခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းများဖြစ်ကြပြီး စပါး၊ ပဲ၊ နှမ်းကိုသာ စိုက်ပျိုးပြီး ဝင်ငွေအသင့်အတင့် ရရှိပါသည်။ စပါး၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၈၀ မှ ၁၂၀) တင်းဖြစ်ပြီး၊ နှမ်း၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၁၀ မှ ၂၀)တင်းဖြစ်၍ ပဲ၏ တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ (၄ မှ ၁၀)တင်း ရရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများအပြင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ နွားမွေးမြူခြင်းကို အိမ်ထောင်စု(၂၂၃)အိမ်တွင် အကောင်ရေ(၁၀၀၂)ကောင်၊ ကျွဲမွေးမြူခြင်းကို အိမ်ထောင်စု(၁)အိမ်တွင် အကောင်ရေ(၂)ကောင်၊ ဆိတ်မွေးမြူခြင်းကို အိမ်ထောင်စု(၂)အိမ်တွင် အကောင်ရေ(၄၀) ကောင်၊ ဝက်မွေးမြူခြင်းကို အိမ်ထောင်စု(၇၅)အိမ်တွင် အကောင်ရေ(၁၃၂) ကောင်၊ ကြက်မွေးမြူခြင်းကို အိမ်ထောင်စု(၁၉၀)တွင် အကောင်ရေ(၁၆၈၃)ကောင်နှင့် ဘဲမွေးမြူခြင်းကို အိမ်ထောင်စု(၉)အိမ်တွင် အကောင်ရေ(၅၃)ကောင် မွေးမြူကြပါသည်။

အိမ်ထောင်စုများကို အဆင့်(၄)ဆင့် ခွဲခြားထားပါသည်။ ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ဆုံးဖြတ်သော ကျေးရွာမိသားစုများ၏ ဉစ္စာဓနအဆင့် ခွဲခြားမှုနည်းလမ်း အရ အဆင်ပြေသောအဆင့်မှာ (၇၆) အိမ်ထောင်စု ရှိပါသည်။ အလယ်အလတ်အဆင့်မှာ (၁၂၃)စု ရှိပါသည်။ မပြေလည်သောအဆင့်မှာ (၇၆)စု ရှိပါသည်။ အလွန်မပြေလည်သောအဆင့်မှာ (၁၄၆)စု ရှိပါသည်။ ဉစ္စာဓနအဆင့်သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှု၊ အိမ်အမျိုးအစား၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှု၊ အိမ်မွေးတိရိစ္ဆာန်ပိုင်ဆိုင်မှုများဖြင့်သာ ခွဲခြားသတ်မှတ်ထားပါသည်။ ၄င်းအပြင် ဆင်းရဲသော အိမ်ထောင်စုများမှာ မြေယာမဲ့များဖြစ်ကြ၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် အငှားဖြင့်သာ လုပ်ကိုင်ကြရသည်။ မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ ( ၉၁ )အိမ်ထောင်စုရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

ကျေးရွာတွင်းရှိ မြေယာမဲ့အိမ်ထောင်စုများမှာ စိုက်ပျိုးရာသီချိန်များတွင် စိုက်ပျိုးရေးလုပ်ငန်းများကို နေ့စားအလုပ် ဝင်ရောက်လုပ်ကိုင်ကြပြီး တချို့မှာ ခေါင်းရွက်ဈေးသည်လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်း ပြုကြသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများအဖြစ် ဆံပင်ညှပ်၊ အပ်ချုပ်၊ ပန်းရံ၊ လက်သမားလုပ်ကိုင်ခြင်း၊ စက်ပြင်၊ ဈေးဆိုင်ဈေးရောင်းခြင်း၊ သယ်ယူပို့ဆောင်ရေး၊ အစိုးရဝန်ထမ်း ၊ နတ်ကတော်၊ ဗေဒင်ဆရာ၊ ဆိုင်းဆရာ၊ ပွဲစား စသည့်အလုပ်တို့ကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အစိုးရဝန်ထမ်းမှလွဲ၍ ကျန်အလုပ်များမှာ ပုံမှန်အလုပ်အကိုင်ဝင်ငွေမရှိကြပါ။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

ကြို့ဝန်းကျေးရွာအဝင်လမ်းသည် မြေနီကျောက်စရစ်လမ်းဖြစ်သော်လည်း နေ့စဉ်အသုံးပြုသူများပြီး ပြုပြင်ထိန်းသိမ်းမှုမရှိခြင်းကြောင့် မိုးရာသီတွင် သွားလာရန်ခက်ခဲပါသည်။ ကြို့ဝန်းကျေးရွာသည် ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက် လက်လှမ်းမီမှုမှာ စလင်းမြို့သို့ (၁၁)မိုင်ခန့်ကွာဝေးပြီး သယ်ယူပို့ဆောင်ရေးမှာ ကုန်းလမ်းဖြစ်သောကြောင့် မော်တော်ကား၊ သုံးဘီးဆိုင်ကယ်များဖြင့် သွားလာရောင်းချရာတွင် လွယ်ကူမှုရှိပါသည်။ သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် စက်ဘီး (၂၈၀) စီး၊ ဆိုင်ကယ် (၂၉၇) စီး၊ သုံးဘီးဆိုင်ကယ် (၅)စီး၊ ထော်လာဂျီ (၁၂) စီး၊ ကား(၅)စီး၊ မြင်းလှည်း(၂)စီးနှင့် နွားလှည်း(၁၂၃) စီးရှိ၍ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့တွင် အသုံးပြုလျှက်ရှိပါသည်။

မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးပဲ ဆိုလာအသုံးပြုသည့် အိမ်ထောင်စု(၃၄၂)အိမ်နှင့် ဒီဇယ်အင်ဂျင်အသုံးပြုသည့်အိမ်ထောင်စု(၁၀)အိမ် ဖြစ်ပါသည်။ ကျေးရွာလူထုသည် တယ်လီဖုန်း(၄၉၃)လုံး၊ ရေဒီယို (၂၁၉)လုံး၊ တီဗွီ (၁၇၃ )လုံးနှင့် စလောင်း(၆၇)ခု ရှိပါသည်။ ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်းမီစွာ အသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာဖြစ်ပါသည်။ သတင်းအချက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက် ရှိကြပါသည်။

## ၆။ ပညာရေး

ကြို့ဝန်းကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ စာသင်ကျောင်းတွင် ပရိဘောဂ ပစ္စည်း လုံလောက်မှုရှိပါသည်။ ကျောင်းအိမ်သာများလည်း ကောင်းမွန်ပါသည်။ ရွာကျောင်းတွင် ကျေးရွာအလှူရှင်များမှ လစဉ် ကျောင်းအာဟာရတိုက်ကျွေးမှုများလည်း ရှိပါသည်။ လက်ရှိမှာ နိုင်ငံတော်မှတည်ဆောက်ပေးထားသော (၆၀' × ၃၀'နှင့် ၉၀' × ၃၀')ကျောင်းဆောင်(၂) ဆောင်မှာ စာသင်ကျောင်းဆောင်များ ကောင်းမွန်ပြီး နှင့် ရပ်ရွာမှကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော (၆၅' × ၂၇'နှင့် ၄၈' × ၁၆') ကျောင်းဆောင် (၂) ဆောင်မှာ အကာအရံနှင့် မျက်နှာကျက် တတ်ဆင်ထားခြင်းမရှိပါ။ ကျောင်းတွင် စာသင်ကြားသော ဆရာ/ဆရာမ ဦးရေမှာ ကျား(၃)ဦး၊ မ(၁၀)ဦး တို့ဖြင့် သင်ကြားနေပါသည်။ အထက်တန်းကျောင်းသူ/သားများသည် ရွာနှင့်(၂မိုင်)ဝေးသည့် အမှတ်(၂၅၅)ခြေလျင်တပ်ရင်းရှိ အထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားရပြီး တချို့မှာ စလင်းမြို့သို့ သွားရောက်သင်ကြားကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်းနေသူ (၁၆၅)ဦး၊ အလယ်တန်း ကျောင်းနေသူ (၁၀၁)ဦး၊ အထက်တန်းကျောင်းနေသူ (၆၁)ဦး၊ တက္ကသိုလ်တက်နေသူ (၄၆)ဦး ရှိပါသည်။

## ၇။ ကျန်းမာရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပါသည်။ ရွာသားအများစုသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှု နည်းပါးသည့်အပြင် အာဟာရပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ် လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသော်လည်း ရွာရှိ လူဦးရေ(၈၀)ကိုသွေးစစ်ကြည့်ရာ အသည်းရောင်ဘီပိုး (၆)ဦးတွေ့ရှိထားပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးများနှင့် လူကြီး/လူငယ်များတွင် အအေးမိနှာစေးဖြစ်ပွားတတ်ပါသည်။ လွန်ခဲ့သော (၁၂)လ အတွင်း ၅နှစ်အောက်ကလေးများအတွက် အဆုတ်ရောဂါ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ၊ ပိုလီယိုရောဂါ၊ ဝက်သက်ရောဂါစသည့် ကာကွယ် ဆေးထိုးနှံမှုများနှင့် အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) များ ပြုလုပ်သည့်အပြင် အာဟာရပညာပေးအစီအစဉ်များလည်း ဆောင်ရွက်လျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ကာကွယ်ဆေးနှင့် အခြားလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ပါသည်။ အရေးပေါ်အခြေအနေများဖြစ်ပေါ်လာပါကလည်း ကျေးရွာနှင့် (၂မိုင်)ဝေးသည့် တိုက်နယ်ဆေးရုံ(သို့မဟုတ်) ရွာနှင့်(၁၁မိုင်)ကွာဝေးသော စလင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

ကျေးရွာအတွင်း ရေတွင်း(၁၃)တွင်း၊ အဝီစိတွင်း/စက်တပ်(၃)တွင်းနှင့် မြေသားရေကန်(၁)ကန်ရှိသော်လည်း မြေသားရေကန်မှာနှစ်ကြာရှည်စွာ အသုံးပြုလာခြင်း၊ ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ပျက်စီးနေပါသည်။ သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာ (၄၂၅)လုံးနှင့် တိုက်ရိုက်ကျင်းအိမ်သာ(၁၂)လုံးရှိပါသည်။ တစ်ရွာလုံးနီးပါးမှာ



CamScanner

ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါနှင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုမှာ နည်းပါးပါသည်။

## ၈။ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခြေအနေများနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အကြောင်းအရာတို့ကို ကျေးရွာအတွင်း တွေ့ကြုံနေရပါသည်-

- **သစ်တောပြုန်းတီးခြင်း**- သစ်ပင်သစ်တောများ ထိန်းသိမ်းမှုအားနည်းခြင်း၊ ထုတ်ယူသုံးစွဲမှုများသောကြောင့် သစ်တောများလည်း လျော့နည်းလာပါသည်။ ထင်းအတွက် ခုတ်ယူမှုများကြောင့် သစ်တောပြုန်းတီးခြင်းများ ဖြစ်ပေါ်လာပါသည်။
- **တိရစ္ဆာန်ကူးစက်ရောဂါကျရောက်ခြင်း**- တိရစ္ဆာန်များတွင် ခွာနာလျှာနာနှင့် လေးဘက်နာရောဂါဖြစ်ပွားမှု များပြားလာခြင်းဖြစ်ပါသည်။
- **မြေဆီလွှာခမ်းခြောက်ခြင်း**- ဓါတုဓါတ်မြေသြဇာများ အသုံးပြုမှုများလာသောကြောင့် တဖြည်းဖြည်း မြေဆီလွှာခမ်းခြောက်မှုနှင့် ကြုံတွေ့ရပါသည်။
- **အပင်မျိုးစိတ်များရှားပါးခြင်း**- ထင်းအတွက် ခုတ်ယူမှုများသောကြောင့် စားစရာ အပင်မျိုးစိတ်များနှင့် သဘာဝ ဆေးဖက်ဝင်အပင်များ ရှားပါးလာခြင်းဖြစ်ပါသည်။
- **အခြားတိရစ္ဆာန်မျိုးကွဲများရှားပါးလာခြင်း**- သစ်တောများပြုန်းတီးခြင်းကြောင့် တိရစ္ဆာန်မျိုးကွဲများ မျိုးတုန်းပျောက်ကွယ်၍ ရှားပါးလာခြင်းဖြစ်ပါသည်။

## ၉။ ကျား-မရေးရာ

ကြို့ဝန်းကျေးရွာတွင် အိမ်ခြေ(၄၂၁)အိမ်ရှိပြီး ကျား(၈၇၅)ဦး၊ မ(၁၀၄၉)ဦးဖြင့် လူဦးရေပေါင်း (၁၉၂၄)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄-၅)ဦးနှုန်းရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြသော ဗုဒ္ဓဘာသာလူမျိုးများဖြစ်ကြသည်။ အလုပ်လုပ်ကိုင်နိုင်သူ ဦးရေမှာ (၁၃၈၆)(၇၂%) ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့် အသက်(၆၅)နှစ်အထက် လူဦးရေစုစုပေါင်း (၅၃၈)(၂၈%)သည် မှီခိုသူများ ဖြစ်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သူဦးရေမှာ(၇၂%)ရှိသော်လည်း အလုပ်အကိုင်ရှားပါးခြင်းနှင့် ဝင်ငွေနည်းခြင်း၊ ဝင်ငွေပုံမှန်မရှိခြင်းတို့ကြောင့် မိသားစုအများစုမှာ ဆင်းရဲသည်ကို တွေ့ရပါသည်။

ကြို့ဝန်းကျေးရွာတွင် ကျား-မ တန်းတူ အခွင့်အရေးရှိကြပြီး ကျေးရွာတွင်းရှိ စီမံအုပ်ချုပ်မှုစနစ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသားများသာ ဦးဆောင်လေ့ရှိကြပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း စသောကိစ္စများ ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် မျိုးစေ့ချခြင်း၊ ရိပ်သိမ်းခြင်းကိစ္စများ ဆောင်ရွက်ကြပြီး အမျိုးသားများသည် ယာထွန်ခြင်းစသည့် လယ်ယာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြပါသည်။ မိသားစုဆုံးဖြတ် ပိုင်ခွင့်များတွင်မှု အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်သည်။ အမျိုးသား၊ အမျိုးသမီးအဖွဲ့များမှ ဘာသာရေးအထိန်းအမှတ်



CamScanner

ယဉ်ကျေးမှုပွဲတော်များ၊ သာရေးနာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြပါသည်။ အမျိုးသမီးများအပေါ်တွင် အကြမ်းဖက်မှုများလည်း မရှိပါ။ လုပ်အားခသတ်မှတ်ရာတွင် အမျိုးသားလုပ်အားခမှာ အမျိုးသမီး လုပ်အားခထက် ပိုမိုများလေ့ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် ရွာသူရွာသားများမှ အများသဘောတူရွေးချယ်ဖွဲ့စည်းလိုက်သော ကျေးရွာဖွံ့ဖြိုးရေးကော်မတီ(၁၅)ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးရွေးချယ်ကြပြီး ကျန်ရွာသူရွာသားများက ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းကို အတည်ပြုပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ ဦးစားပေးစီမံကိန်းများကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံကိန်းများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ကြို့ဝန်းကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဇယား

| စဉ် | ပြဿနာအခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတား | ဖြေရှင်းရန်နည်းများ | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ မိုးရာသီတွင် သွားလာရန်ခက်ခဲ နေခြင်း။ | ▪ မိုးရာသီတွင် ဗွက်ထခြင်း။<br>▪ ပြုပြင်ထိန်းသိမ်းမှုအားနည်းခြင်း။ | ▪ လုပ်အားရှိ။<br>▪ မြေနီကျောက်များရွာအနီး တွင်ရှိ။ | ▪ ရန်ပုံငွေအားနည်းခြင်း။ | ▪ လမ်းအဆင့်မြှင့်တင်နိုင်ရန် ဆောင်ရွက်ခြင်း။<br>▪ ရန်ပုံငွေရရှိရေးအတွက် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။<br>▪ ကျေးရွာလူထုမှ စုပေါင်း ညီညွတ်စွာ ဆောင်ရွက်ခြင်း။ | ▪ မြေနီကျောက်ချော လမ်းအဆင့်မြှင့် တင်ရေး စီမံချက် |
| ၂ | သောက်ရေသုံးရေကန်မကောင်း၍ သောက်ရေသုံးရေ | ▪ နှစ်ကြာမြင့်စွာတည်ရှိနေခြင်း။<br>▪ ပြုပြင်ထိန်းသိမ်းမှုမရှိခြင်း။ | ▪ အသစ်တူးဖော်စရာမလိုခြင်း။<br>▪ ပြုပြင်မွမ်းမံရုံဖြင့် ကောင်းမွန်ခြင်း။ | ▪ ရန်ပုံငွေအားနည်းခြင်း။ | ▪ ကျေးရွာလူထုမှ စုပေါင်း ဆောင် ရွက်ခြင်း။<br>▪ ရန်ပုံငွေရရှိအောင် သက်ဆိုင်ရာ ဌာနများနှင့် ချိတ်ဆက် တင်ပြတောင်းခံခြင်း။ | ▪ ရေကန်ပြုပြင်မွမ်းမံ ရေးစီမံချက် |
| ၃ | ကျေးရွာလျှပ်စစ်မီးလက်လှမ်းမမီ သေးခြင်း။ | ▪ ဆင်းရဲသောကြောင့်လျှပ်စစ်မီး လက်လှမ်းမမီခြင်း။ | ▪ ကျေးရွာသည်အစိုးရ လျှပ်စစ်ဓါတ်အားလိုင်းနှင့် (၂)မိုင်ခန့်သာကွာဝေးခြင်း။ | ▪ ရန်ပုံငွေအားနည်းခြင်း။ | ▪ ကျေးရွာလူထုမှ စုပေါင်း၍ ရန်ပုံငွေစုဆောင်ခြင်း။<br>▪ ရန်ပုံငွေရရှိအောင် လျှပ်စစ် ဌာနများနှင့် ချိတ်ဆက် တင်ပြတောင်းခံခြင်း။ | ▪ ကျေးရွာလျှပ်စစ်မီး တပ်ဆင်ရေးစီမံချက်။ |

# ကြို့ဝန်းကျေးရွာ ဦးစားပေးအဆင့် ခွဲခြားသတ်မှတ်ခြင်း

ရက်စွဲ-၂၃.၅.၂၀၁၈

| စဉ် | စီမံချက် | အမှတ်ပေးသူ ၁ | အမှတ်ပေးသူ ၂ | အမှတ်ပေးသူ ၃ | အမှတ်ပေးသူ ၄ | အမှတ်ပေးသူ ၅ | အမှတ်ပေးသူ ၆ | အမှတ်ပေးသူ ၇ | အမှတ်ပေးသူ ၈ | အမှတ်ပေးသူ ၉ | အမှတ်ပေးသူ ၁၀ | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၁၀ | ၉ | ၁၀ | ၉ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၉ | ၁၀ | ၉၇ | ၁ |
| ၂ | ရေကန်ပြုပြင်မွမ်းမံရေးစီမံချက် | ၉ | ၁၀ | ၁၀ | ၁၀ | ၉ | ၁၀ | ၉ | ၉ | ၁၀ | ၁၀ | ၉၆ | ၂ |
| ၃ | ကျေးရွာလျှပ်စစ်မီးတပ်ဆင်ရေးစီမံချက် | ၇ | ၈ | ၉ | ၈ | ၉ | ၉ | ၇ | ၈ | ၇ | ၉ | ၈၁ | ၃ |

ကြို့ဝန်းကျေးရွာ ဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်မည့် အချိန်ကာလသတ်မှတ်ဇယား

| စဉ် | စီမံချက် | ဦးစားပေးအဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ |
|---|---|---|---|---|---|---|
| ၁ | မြေနီကျောက်ချောလမ်းအဆင့်မြှင့်တင်ရေးစီမံချက် | ၁ | ✓ | | | |
| | | | | | | |
| ၂ | ရေကန်ပြုပြင်မွမ်းမံရေးစီမံချက် | ၂ | | ✓ | | |
| | | | | | | |
| ၃ | ကျေးရွာလျှပ်စစ်မီးတပ်ဆင်ရေးစီမံချက် | ၃ | | | ✓ | |
| | | | | | | |

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၄ | ၁၅ | ၂၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၃၈ | ၄၇ | ၈၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၈၀ | ၆၉ | ၁၄၉ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၅ | ၉၄ | ၁၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၂၆ | ၇၆၀ | ၁၃၈၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅၂ | ၆၄ | ၁၁၆ |
| စုစုပေါင်း | | ၈၇၅ | ၁၀၄၉ | ၁၉၂၄ |
| စုစုပေါင်း အိမ်ထောင်စု | | ၄၂၁ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ပျမ်းမျှတစ်မိသားစုလျှင် (၄.၆)ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ(၇၂% )ရှိပြီး လူဦးရေစုစုပေါင်း၏ (၂၈% )သည် မှီခိုသူများ ဖြစ်ကြသည်။

(၂) သဘာဝရင်းမြစ်နှင့် ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၁၀၃၄ | သင့် | ရ | ဆည် |
| ယာမြေ/ တောင်ယာမြေ | ၄၆၄.၉ | သင့် | ရ | ဆည် |
| ဥယျာဉ်ခြံမြေ | ၂ | သင့် | ရ | ဆည် |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| အိမ်ခြံဝင်း စိုက်ခင်း | - | | | |
| ကိုင်း/ကျွန်းမြေ | - | | | |
| စားကျက်မြေ | - | | | |
| ပလပ်မြေ | - | | | |
| သစ်တောမြေ | - | | | |
| စုစုပေါင်း | ၁၅၀၀.၉ | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

**မှတ်ချက်။** ။ ရေရရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ **လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။** ။ ကျေးရွာရှိစိုက်ပျိုးမြေများသည် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ လယ်မြေဧက(၁၀၃၄)ဧကရှိပြီး စပါးစိုက်ပျိုးကြပါသည်။ ယာမြေဧက (၄၆၄.၉)ဧကရှိပြီး နှမ်း၊ ပဲစသည့်သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေ(၂)ဧကတွင် သနပ်ခါး၊ ရှောက်သီး၊ သံပရာသီးစသည်တို့ကို စိုက်ပျိုးကြပါသည်။

## (၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမှီ |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊သဲ) စသည့် | များ | လွယ် |
| အခြားသဘာဝအရင်းအမြစ်များ | | |
| တိရစ္ဆာန်မျိုးစိတ်များ | မရှိ | လက်လှမ်းမမှီ |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက် အသုံးဝင်သော) | မရှိ | လက်လှမ်းမမှီ |
| ပျမ်းမျှအပူချိန်- | ပျမ်းမျှမိုးရေချိန်- | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု



CamScanner

လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာနှင့် (၂)မိုင်ခန့်အကွာတွင်
မြေနိမ့်ကျောက်စရစ်များ အလွယ်တကူဝယ်ယူရရှိပါသည်။

(၃) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | |
| ၂ | လူငယ်ကာလသားအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✔<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✔ | |
| ၃ | အမျိုးသားဝတ်အသင်းအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၄ | အမျိုးသမီးဝတ်အသင်းအဖွဲ့ | ၁☐ ၂☐ ၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၅ | ကျန်းမာရေးမြွေဆိပ်ဖြေဆေးအဖွဲ့ | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၆ | မျိုးဆက်သစ်တို့ကျန်းမာရေးလူငယ်သွေးလက် | ၁☐ ၂✔ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✔ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ | |



CS CamScanner

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| | ဆောင်အဖွဲ့ | | လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |
| ၇ | | ၁☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲစိန်ခေါ်မှုနှင့်အခြား)။** ။ ကျေးရွာတွင် အဖွဲ့ ၆ ဖွဲ့ရှိပါသည်။ ကျေးရွာလူထု၏သဘောတူညီမှုဖြင့် ဖွဲ့စည်းထားသော အဖွဲ့များဖြစ်ပါသည်။

## (၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅ ) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကနှင့်အထက် | ၃ဧက-၅ဧက | ၃ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုးတိုက်အိမ် | သွပ်မိုးပျဉ်ကာ | သွပ်မိုးထရံကာ | သက်ကယ်မိုးထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ ကား၊ ထော်လာဂျီ၊ နွား၂ရှဉ်းအထက် | ထွန်စက်၊ နွား၂ရှဉ်း | နွားတစ်ရှဉ်း အောက် | နွားမရှိ၊ လှည်းမရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ | လယ်ယာ၊ ဈေးရောင်း | လယ်ယာ၊ ကျပန်း | ကျပန်း |
| အိမ်ထောင်စု | ၇၆ | ၁၂၃ | ၇၆ | ၁၄၆ |



CamScanner

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု (၇၆)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု (၁၂၃)၊ မပြေလည်သော အိမ်ထောင်စု (၇၆)၊ အလွန်မပြေလည်သော အိမ်ထောင်စု (၁၄၆)စု ရှိပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၄၆ | ၃၄.၆၇ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ် တာထိ) | ၇၆ | ၁၈.၀၅ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ဧက(၂ဟတ် တာထိ) | ၁၂၃ | ၂၉.၂၁ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧက(၅ဟတ် တာထိ) | ၇၆ | ၁၈.၀၅ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | | | တောင်သူကြီး |
| | ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | ၄၂၁ | ၁၀၀ | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၄၂၁)အိမ်ထောင်စု ရှိသည့်အနက် အဆင့်(၄) အိမ်ထောင်စုမှာ (၁၄၆)အိမ်၊ အဆင့်(၃) အိမ်ထောင်စုမှာ(၇၆)အိမ်၊ အဆင့်(၂) အိမ်ထောင်စုမှာ (၁၂၃)အိမ်နှင့်အဆင့်(၁) အိမ်ထောင်စုမှာ (၇၆) အိမ်ရှိပါသည်။ အဆင့်(၃)နှင့် အဆင့်(၄)တွင်ရှိသော အိမ်ထောင်စုများမှာ လယ်ယာလုပ်ငန်းခွင်တွင်လည်းကောင်း၊ လက်သမား၊ ပန်းရံ၊ ကျပန်းနေ့စားများ အဖြစ်လည်းကောင်း လုပ်ကိုင်ကြပါသည်။

### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၁၀၃၄ | တင်း | ၈၀ | ၁၂၀ | ၁၀၀ | သင့် |

| သီးနှံ | စုစု ပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိနိုင်မှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်း ဆုံး | အများ ဆုံး | ပျမ်း မျှ | |
| နှမ်း | ၄၆၄.၉ | တင်း | ၁၀ | ၂၀ | ၁၅ | သင့် |
| ပဲ | ၄၆၄.၉ | တင်း | ၄ | ၁၀ | ၇ | သင့် |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စပါး၊ နှမ်း၊ ပဲစသည်တို့ကို အဓိကစိုက်ပျိုးကြပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| မွေးမြူရေး | | |
| နွား | ၂၂၃ | ၁၀၀၂ |
| နို့စားနွား | | |
| ကျွဲ | ၁ | ၂ |
| မြင်း | | |
| မြည်း | | |
| လား | | |
| ဆိတ် | ၂ | ၄၀ |



CamScanner

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| သိုး | | |
| ဝက် | ၇၅ | ၁၃၂ |
| ကြက် | ၁၉၀ | ၁၆၈၃ |
| ဘဲ | ၉ | ၅၃ |
| နွားနောက် | | |
| ငါးလုပ်ငန်း | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွား၊ ဆိတ်၊ ဝက်၊ ဘဲများကို အဓိကမွေးမြူကြပါသည်။

**(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | | | | |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | | | | |



CamScanner

| | | | | | |
|---|---|---|---|---|---|
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | | ၅ | | |
| ၆ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ သင်တန်းပေးသူ) | | ၄၀ | | |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | ၁၃ | | |
| ၈ | ဟော်တယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | | ၆ | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်း လုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | | ၅ | | |
| ၁၃ | ကျန်းမာရေး | | ၅ | | |
| ၁၄ | လူမှုရေး လုပ်ငန်းများ | | ၅ | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ) | | | | |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၇၉ဦး | | | | |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများလုပ်ကိုင်သူ အုပ်စု၊ လူငယ်အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ပြင်၊ အပ်ချုပ် ၊ ဆံပင်ညှပ်၊ ကုန်ရောင်းကုန်ဝယ်၊ ပို့ဆောင်ရေး၊ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ နတ်ကတော်၊ ဗေဒင်ဆရာ၊ ဆိုင်းဆရာ စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(၅)အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်) | အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည် (မြို့/ ရွာ) | စလင်းမြို့မဈေး | စလင်းမြို့မဈေး |
| ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင် ☐ ၁၀မှ ၁၅မိုင် ✓ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ✓ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ ၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ✓ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ လယ်သမားအုပ်စု၊ အမျိုးသမီးအုပ်စု၊ စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ အိမ်ဆောက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အဝတ်အထည်များ စသည်တို့ကိုဝယ်ယူရန် (၁၁)မိုင်ခန့်ကွာဝေးသည့် စလင်းမြို့ဈေးသို့ သွားရောက် ဝယ်ယူကြရပါသည်။

**(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ**

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်းအမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✓ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့် ☐ ညံ့ ✓ | မိုးရာသီ ... ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ချဉ်းကပ်လမ်း | ၁☐ ၂✓ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ✓ | ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |
| ရွာချင်းဆက်လမ်း | ၁☐ ၂✓ ၃☐ ၄☐ ၅☐ | ကောင်း ☐ သင့် ☐ ညံ့ ✓ | ပွင့်လင်း ရာသီ ✓ တစ်နှစ်ပတ်လုံး ☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက် ☐ |



CamScanner

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကျောက်ချောလမ်း -၃၊ ကွန်ကရစ်လမ်း -၄၊ ကတ္တရာလမ်း -၅

**လေ့လာတွေ့ရှိချက်။** ။ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်နေသည့်အတွက် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများမှာ ကျောက်ခင်းလမ်း ဖြစ်သော်လည်း ပြုပြင်ထိန်းသိမ်းမှုအားနည်းသောကြောင့် ပွင့်လင်းရာသီ တွင်သာ သွားလာ၍ လွယ်ကူပါသည်။

## (၅-၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါအကွက်တွင် ✓ခြစ် ပါ )။

| သယ်ယူပို့ဆောင်ရေး | Nearest townအကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ပွင့်လင်းရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။…………………………………………………………………
…………………………………………………………………………………………
…………………………………………………………………………………………
…………………………………………………………………………………………
…………………………………………………………………………………………

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၂၈၀ | ၂၉၇ | ၅ | ၁၂ | ၅ | ၂ | ၁၂၃ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။



CamScanner

လေ့လာတွေ့ရှိချက်။ ။စက်ဘီးကို အများအားဖြင့် ကျောင်းသား/သူများ အမှတ်(၂၅၅)ခြေလျင်တပ်ရင်းသို့ ကျောင်းတက်ရာတွင်အသုံးပြုကြပြီး သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်၊ သုံးဘီးနှင့် ထော်လာဂျီများကို အသုံးပြုကြပါသည်။

## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| မဟာဓာတ်အားလိုင်း | - |
| ဆိုလာစနစ် | ၃၄၂ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | ၁၀ |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးပဲ ဆိုလာနှင့် ဒီဇယ်အင်ဂျင်ကိုသာ အဓိကသုံးစွဲနေကြပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း |
|---|---|---|---|---|
| အရေအတွက် | ၄၉၃ | ၂၁၉ | ၁၇၃ | ၆၇ |

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ခေတ်နှင့်အညီ တိုးတက်လာသည်နှင့်အမျှ မိုဘိုင်းဖုန်းများ လက်လှမ်း



CamScanner

မီစွာအသုံးပြုနိုင်သည့်အတွက် ဆက်သွယ်ရေးကောင်းမွန်သောကျေးရွာဖြစ်ပါသည်။ သတင်းအချက်များ လေ့လာရာတွင် တီဗွီ၊ ရေဒီယိုနှင့် စလောင်းများ အသုံးပြုလျက် ရှိကြပါသည်။

(၆) ပညာရေး

**(၆-၁) ကျောင်းတက်နှုန်း**

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၈၁ | ၈၄ | ၁၆၅ |
| အလယ်တန်း | ၄၃ | ၅၈ | ၁၀၁ |
| အထက်တန်း | ၂၉ | ၃၂ | ၆၁ |
| တက္ကသိုလ်/ကောလိပ် | ၁၇ | ၂၉ | ၄၆ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၎င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မူလတန်း(၁၆၅)ဦး၊ အလယ်တန်း(၁၀၁)ဦး၊ အထက်တန်း(၆၁)ဦး၊ တက္ကသိုလ်တက်နေသူ (၄၆)ဦးရှိသည့်အတွက် ပညာရေးကဏ္ဍတိုးတက်သည့် ကျေးရွာဖြစ်ပါသည်။

**(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ✓ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐ |



CamScanner

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ✓ | | | အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| ခ။ ရွာမှ အကွာအဝေး (မိုင်) | ဝ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ✓<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၂၆၃' × ၁၀၃' | | | | | | | | |
| င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း ✓ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | | ကောင်း ☐ သင့် ☐ ညံ့ ☐ | | |
| စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည် ✓<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည် ☐<br>မလုံလောက်ပါ ☐ | | |
| ဆ။ ကျောင်းအိမ်သာ အခြေအနေ | ကောင်း ✓ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည် ✓<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည် ☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| ဓ။ ကျောင်းဆရာ/မ ဦးရေ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| အစိုးရခန့် | ၃ | ၁၀ | ၁၃ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အလယ်တန်းအထိပညာသင်ကြားနိုင်ပြီး ကျောင်းသားအရေအတွက်နှင့် ကျောင်းဆောင်လုံလောက်မှုရှိပါသည်။ ကျောင်းဆောင်အရည်အသွေး ကောင်းမွန်ပါသည်။ ကျောင်းအိမ်သာလည်း ကောင်းမွန်ပြီး ပရိဘောဂပစ္စည်းများလည်း လုံလောက်မှုရှိပါ



CS CamScanner

သည်။

(၇) ကျန်းမာရေးနှင့် အာဟာရ

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့် ☐ | မရှိ✓ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်✓ | မရှိ☐ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်☐ | မရှိ✓ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လူဦးရေ(၈၀)ဦးကို သွေးစစ်ကြည့်ရာ အသည်းရောဂါ(ဘီ)ပိုး(၆)ဦးတွေ့ရှိထားပါသည်။ မိုးရာသီတွင် ရာသီတုတ်ကွေး၊ အအေးမိနှာစေး ရောဂါများသာ အဖြစ်များကြပါသည်။

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|



CS CamScanner

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ရှိ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | |
| ၃ | ပိုလီယိုရောဂါ | ရှိ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ | |
| ၅ | ဝက်သက်ရောဂါ | ရှိ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ရှိ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ရှိ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | မရှိ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ၅နှစ်အောက်ကလေးများအတွက် လစဉ်ကာကွယ်ဆေးထိုးနှံမှုများရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိပါသည်။

**(၈-၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)**

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✓ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✓<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐ | ရှိ ✓<br>မရှိ ☐ |



CamScanner

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| | ၁၀ မိုင်အထက် ☐ | |
| မြို့နယ် ဆေးရုံ | ဝ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✓ | ရှိ ✓<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အရေးပေါ်အခြေအနေနှင့်တွေ့ကြုံပါက ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော တိုက်နယ်ဆေးရုံ(သို့မဟုတ်) ရွာနှင့်(၁၁မိုင်)ကွာဝေးသော စလင်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူကြရပါသည်။

### (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

#### (၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက် မှု (မိုး၊နွေ၊ဆောင်း) |
|---|---|---|---|
| ရေတွင်း | ၄၂၁ | ကောင်း✓ သင့်☐ ညံ့☐ | မိုး၊ ဆောင်း |
| အဝီစိတွင်း/ စက်တပ် | ၄၂၁ | ကောင်း☐ သင့်✓ ညံ့☐ | နွေ၊ မိုး၊ ဆောင်း |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| မိုးရေ သိုလှောင်ကန် | ၄၂၁ | ကောင်း☐ သင့်✓ ညံ့☐ | မိုး၊ ဆောင်း |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |
| ရေကန် | - | ကောင်း☐ သင့်☐ ညံ့☐ | |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်☐ ညံ့☐ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေလုံလောက်မှု ရှိပါသည်။

#### (၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
| --- | --- |
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | - |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၂၅ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | ၂၁ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း၊ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ယင်လုံအိမ်သာ (၄၂၅)လုံးနှင့် တိုက်ရိုက်ကျင်းအိမ်သာ (၁၂)လုံးရှိပါသည်။ တစ်ရွာလုံးနီးပါးမှာ ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါနှင့် ယင်ကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျော ရောဂါဖြစ်ပွား မှုမှာ နည်းပါးပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများဇယား

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
| --- | --- | --- |
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | - |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | - |
| ၃ | ရေကြီးခြင်း | - |
| ၄ | မိုးခေါင်ခြင်း | - |
| ၅ | အအေးလွန်ကဲခြင်း | - |
| ၆ | မုန်တိုင်း | - |
| ၇ | ငလျင် | - |
| ၈ | မီးဘေး | - |



CamScanner

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | - |
| ၁၁ | သစ်တောပြုန်းတီးခြင်း | ထင်းမီးရရှိအောင် သစ်ပင်တွေခုတ်ခြင်းကြောင့် |
| ၁၂ | ငှက်ဖျားရောဂါ | - |
| ၁၃ | တီဘီရောဂါ | - |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | - |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ခွာနာလျှာနာ၊ လေးဘက်နာရောဂါများဖြစ်ပွားခြင်း |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | - |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။.......................................................................
..........................................................................................
..........................................................................................

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | ဓါတုဓာတ်မြေသြဇာများသုံးခြင်း |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | နိမ့် | |
| ငါးမျိုးကွဲများ | - | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |



CamScanner

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။...........................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ ☐ | မရှိ ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ ✓ | မရှိ ☐ |

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။...........................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

.....................................................................................................

ကြို့ဝန်းကျေးရွာ၊ ကြို့ဝန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဖော်ကြီး | ဦးပေါက်စ | ၈/စလန(နိုင်)၀၉၆၇၈၁ | ၄၃ | ဥက္ကဋ္ဌ | ၀၉-၂၅၉၅၁၉၅၇၁ |
| ၂ | ဦးစိန်ဘိုလွင် | ဦးညွန့်ပိုင် | ၈/စလန(နိုင်)၀၉၆၇၄၇ | ၃၆ | အတွင်းရေးမှူး | ၀၉-၄၅၉၉၁၇၃၆၆ |
| ၃ | ဦးကျော်နိုင် | ဦးစိန်ကုလား | ၈/စလန(နိုင်)၀၆၈၄၅ | ၄၃ | စာရင်းကိုင်-၁ | ၀၉-၄၅၇၅၇၉၈၁ |
| ၄ | ဒေါ်ခိုင်လွင် | ဦးစာတင် | ၈/စလန(နိုင်)၀၉၆၉၁၆ | ၃၅ | စာရင်းကိုင်-၂ | |
| ၅ | ဦးဝင်းနောင် | ဦးရွှေအို | ၈/စလန(နိုင်)၁၀၃၇၆၈ | ၄၄ | သော့ကိုင်-၁ | ၀၉-၄၂၄၂၁၈၄၁၉ |
| ၆ | ဒေါ်ငွေးလှိုင် | ဦးပန်းဖုံ | ၈/စလန(နိုင်)၀၀၈၁၅၁ | ၃၆ | သော့ကိုင်-၂ | |
| ၇ | ဦးကျော်ငွေး | ဦးလှရွှေ | ၈/စလန(နိုင်)၁၂၀၀၁၄ | ၄၅ | ဘဏ္ဍာရေးမှူး | |
| ၈ | ဦးလေးဝင်း | ဦးဘိုရွှေ | ၈/စလန(နိုင်)၁၁၇၅၁၀ | ၃၄ | အဖွဲ့ဝင် | ၀၉-၄၅၅၉၅၇၄၅၇ |
| ၉ | ဦးငွေးလင်း | ဦးလှတင် | ၈/စလန(နိုင်)၀၉၆၉၃၇ | ၄၃ | အဖွဲ့ဝင် | ၀၉-၄၅၇၀၅၇၅၄၁ |
| ၁၀ | ဦးအေးလင်း | ဦးအောင်ညွန့် | ၈/စလန(နိုင်)၁၂၁၇၁၅ | ၄၃ | အဖွဲ့ဝင် | ၀၉-၂၅၆၆၄၄၉၀၂ |
| ၁၁ | ဦးသန်းထွန်း | ဦးအောင်ကြည် | ၈/စလန(နိုင်)၁၂၀၀၅၅ | ၄၈ | အဖွဲ့ဝင် | ၀၉-၄၅၅၄၁၄၇၁၁ |
| ၁၂ | ဦးမိုးကျော် | ဦးမြသွင် | ၈/စလန(နိုင်)၁၅၁၂၅၈ | ၄၄ | အဖွဲ့ဝင် | |
| ၁၃ | ဦးမော်မော် | ဦးလှရွှေ | ၈/စလန(နိုင်)၀၀၈၁၅၁ | ၄၅ | အဖွဲ့ဝင် | |
| ၁၄ | ဦးငွေးလွင် | ဦးစိန်ကျော် | ၈/စလန(နိုင်)၁၁၂၆၇၀ | ၄၅ | အဖွဲ့ဝင် | |
| ၁၅ | ဒေါ်အိသန္တာကျော် | ဦးသန်းထွန်း | ၈/စလန(နိုင်)၁၉၁၂၄၀ | ၁၇ | အဖွဲ့ဝင် | |

၅၀၊ '၁၂


၈ ၃

## ကြို့ဝန်းကျေးရွာ ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ဧကနှင့်အထက် | ၃ဧက-၅ဧက | ၃ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | သွပ်မိုးတိုက်အိမ် | သွပ်မိုးပျဉ်ကာ | သွပ်မိုးထရံကာ | သက်ကယ်မိုးထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက်၊ ကား၊ ထော်လာဂျီ၊ နွား၂ရှဉ်းအထက် | ထွန်စက်၊ နွား၂ရှဉ်း | နွားတစ်ရှဉ်း အောက် | နွားမရှိ၊ လှည်းမရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်ယာ | လယ်ယာ၊ ဈေးရောင်း | လယ်ယာ၊ ကျပန်း | ကျပန်း |
| **အိမ်ထောင်စု** | ၇၆ | ၁၂၃ | ၇၆ | ၁၄၆ |

ကြာဦးတက်ကြီးရွာ သယံဇာတပြ မြေပုံ

22.5.2018



# ကြို့ဝန်းကြီးရွာ ရာသီဥတု ပြက္ခဒိန်

| အဖြစ်အပျက် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| လ များ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ရာသီဥတု အခြေအနေ | | | | | | | | | | | | |
| စပါးလုပ်ကိုင် အခြေအနေ | | | | | | | | | | | | |
| လက်လုပ်လက်စားများ ဝင်ငွေ ရရှိမှု အခြေအနေ | | | | | | | | | | | | |
| လယ်သမားများနှင့် ကြွေး တသုံး စရိတ် အခြေအနေ | | | | | | | | | | | | |
| ချေးငွေ ယူအပ်မှု အခြေအနေ | | | | | | | | | | | | |
| ဝမ်းအား ဖူလုံမှု အခြေအနေ | | | | | | | | | | | | |
| သောက်ရေ ရယုံရ အခြေအနေ | | | | | | | | | | | | |
| ဟင်းရွက် အစာ ရရှိမှု အခြေအနေ | | | | | | | | | | | | |
| ဟင်းရွက် ရောဂါ ကျရောက်မှု အခြေအနေ | | | | | | | | | | | | |
| ကျန်းမာရေး အခြေအနေ | | | | | | | | | | | | |
| သီးနှံ ပိုးမွှား ရောဂါ ကျရောက်မှု အခြေအနေ | | | | | | | | | | | | |
| ပွဲတော် များ | | | | | | | | | | | | |
| သဘာဝ ဘေးအန္တရာယ် ကျရောက်မှု အခြေအနေ | | | | | | | | | | | | |

# ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုအဖွဲ့အစည်းများချိတ်ဆက်မှုမြေပုံ
## ကြို့ဝန်းကျေးရွာ

